Time to screen

BreastScreen Aotearoa

မြန်မာဘာသာ (Burmese)

မမ်မိုဂရမ် ရိုက်ပြီးနောက်

TimeToBreastScreen.nz

BreastScreen Aotearoa တွင် ပါဝင်သည့်အတွက် ကျေးဇူးတင်ပါသည်။ နောက်ဘာဆက်ဖြစ်မည်ကို သင်သိချင်နေပါလိမ့်မည်။ ဤလက်ကမ်းစာစောင်က လုပ်ငန်းစဉ်ကို ရှင်းပြထားပါသည်။

သင့် မမ်မိုဂရမ်အဖြေကို ကျွမ်းကျင်သော ဓာတ်မှန်ဆိုင်ရာအထူးကုဆရာဝန်များ (မမ်မိုဂရမ်များ ဖတ်ခြင်းကို အထူးပြုလေ့လာ ထားသောဆရာဝန်များ) နှစ်ဦး က ဂရုတစိုက် စစ်ဆေးပါမည်။ အကယ်၍ အစီအစဉ်တွင် သင်၏ ယခင် မမ်မိုဂရမ်အဖြေများ ရှိပါက အပြောင်းအလဲ ရှိမရှိ စစ်ဆေးရန်အတွက် နှိုင်းယှဉ်စစ်ဆေးမှု ပြုလုပ်ပါမည်။

သင့်ရလဒ်များကို 3 ပတ်အတွင်း သင့်ထံ တိုက်ရိုက် ပေးပို့ပါမည်။ သင်၏ ရက်ချိန်းတွင် ထိုသို့မဖြစ်လိုကြောင်း ကျွန်ုပ်တို့အား အသိမပေးထားပါက ၎င်းရလဒ်များကို သင့်ဆရာဝန် သို့မဟုတ် Hauora ဝန်ဆောင်မှုပေးသူထံသို့လည်း ပေးပို့ပါမည်။ သင့်ရလဒ်များ မရောက်ရှိပါက **0800 270 200** သို့ ကျေးဇူးပြု၍ အခမဲ့ဖုန်းခေါ်ဆိုပါ။

သင်၏ နောက်တစ်ကြိမ် စစ်ဆေးရန် အချိန်ရောက်သောအခါ လုံခြုံစိတ်ချရသည့် တစ်ဦးချင်းစီအတွက် သီးသန့် ရက်ချိန်းယူရန် လင့်ခ်ပါဝင်သော ဖိတ်ကြားချက်ကို အီးမေးလ်၊ စာတို သို့မဟုတ် စာဖြင့် လက်ခံရရှိပါမည်။

အမျိုးသမီးအများစုအတွက်မှာ 2 နှစ် ဖြစ်ပါသည်။ အသက်အရွယ်အပိုင်းအခြား တိုးမြှင့်ထားမှုကြောင့် အစီအစဉ်တွင် ပြန်လည်ပါဝင်လာသော အသက် 70 မှ 74 နှစ်ကြား အမျိုးသမီးများအတွက်မူ ကွာခြားနိုင်ပါသည်။

အသက် 70 နှင့် အထက် အမျိုးသမီးများအတွက် ရင်သားစစ်ဆေးခြင်းအကြောင်းကို **TimeToBreastScreen.nz**တွင် ပိုမိုလေ့လာနိုင်ပါသည်။



ပုံမှန်စစ်ဆေးခြင်းမှာ အရေးကြီးပါသည်၊ ထိုသို့ပြုလုပ်ခြင်းဖြင့် အပြောင်းအလဲများကို စောစီးစွာ ရှာဖွေတွေ့ရှိနိုင်ပြီး ကုသရလွယ်ကူစေပါသည်။

တစ်ခါတစ်ရံတွင် သင်၏ X-ray ပုံရိပ်၌ အနီးကပ်စစ်ဆေးရန် လိုအပ်သည့်အရာကို ကျွန်ုပ်တို့ တွေ့ရှိရတတ်ပါသည်။ သင်သည် နောက်ထပ် စစ်ဆေးမှုများအတွက် ပြန်လည်လာရောက်ရန် လိုအပ်ပါက သင့်အား နောက်ထပ်အချက်အလက်များပေးပါမည်။ သတိပြုပါ၊ ဤအရာသည် သင်တွင် ရင်သားကင်ဆာရှိသည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ နောက်ထပ်အချက်အလက်များ လိုအပ်သည်ဟုသာ ဆိုလိုခြင်းဖြစ်ပါသည်။

၎င်းသည် သင့်ရွေးချယ်မှု ဖြစ်သည်

ရင်သားကင်ဆာ ရှိ/မရှိ စစ်ဆေးရန် ပုံမှန် မမ်မိုဂရမ် ရိုက်မရိုက်မှာ သင်၏ ရွေးချယ်မှုသာ ဖြစ်ပါသည်။ သင်သည် အစီအစဉ်မှ မည်သည့်အချိန်တွင်မဆို နုတ်ထွက်နိုင်ပါသည်။ အရည်အချင်းပြည့်မီနေသရွေ့ မည်သည့်အချိန်တွင်မဆို ပြန်လည်ပါဝင်နိုင်ပါသည်။

အကယ်၍ သင်သည် အစီအစဉ်တွင် မပါဝင်ရန် ဆုံးဖြတ်ပါက သင် သို့မဟုတ် သင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူသည် အခြားဝန်ဆောင်မှုတစ်ခုခုနှင့် မမ်မိုဂရမ်ကို စီစဉ်နိုင်သေးသော်လည်း ၎င်းတို့သည် အခမဲ့ဖြစ်မည်မဟုတ်သည့်အပြင် ရလဒ်များကို BreastScreen Aotearoa တွင် မှတ်တမ်းတင်ထားမည်မဟုတ်ပါ။

ဖြစ်နိုင်သမျှ အကောင်းဆုံးသော ပြုစုစောင့်ရှောက်မှုကို ပေးအပ်ရန်မှာ အစီအစဉ်၏ တာဝန် ဖြစ်ပါသည်။ သင် လက်ခံရရှိသည့် ပြုစုစောင့်ရှောက်မှုနှင့် ပတ်သက်၍ မည်သည့်အချိန်တွင်မဆို မသက်မသာ ဖြစ်ခြင်း သို့မဟုတ် မကျေနပ်ခြင်း ဖြစ်ပေါ်ပါက ကျွန်ုပ်တို့အား အသိပေးပါ။ သင် ပုံမှန် မမ်မိုဂရမ်ရိုက်ကူးရန် ပြန်လည်လာရောက်ခြင်းမှာ ကျွန်ုပ်တို့အတွက် အရေးကြီးသောကြောင့် ပြဿနာတစ်ခုခု ရှိပါက ၎င်းကိုဖြေရှင်းရန် ကျွန်ုပ်တို့ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်။

သင်၏ ရပိုင်ခွင့်များနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက **hdc.org.nz/your-rights**တွင် ကြည့်ရှုနိုင်ပါသည်။

သတိပြုရန်

- မမ်မိုဂရမ်သည် ကင်ဆာကို ကြိုတင်ကာကွယ်ပေးခြင်း မဟုတ်သော်လည်း ကင်ဆာကို ရှာဖွေတွေ့ရှိနိုင်ပါသည်။
- မမ်မိုဂရမ်သည် စစ်ဆေးသည့်အချိန်တွင် ရှိနေသည့် ကင်ဆာအများစုကို ရှာဖွေတွေ့ရှိနိုင်သော်လည်း ရင်သားကင်ဆာ၏ 10 ရာခိုင်နှုန်းခန့်ကို ရှာဖွေတွေ့ရှိနိုင်မည် မဟုတ်ပါ။

ရင်သားကင်ဆာ၏ ဖြစ်နိုင်ခြေရှိသော လက္ခဏာများမှာ -

- ရင်သား သို့မဟုတ် ချိုင်းကြားတွင် အကျိတ်အသစ် ပေါ်လာခြင်း
- ရင်သား၏ ပုံသဏ္ဍာန် သို့မဟုတ် အရွယ်အစား ပြောင်းလဲခြင်း
- ရင်သားအရေပြားတွင် တွန့်ခြင်း၊ ခွက်ဝင်ခြင်း သို့မဟုတ် ထူလာခြင်းကဲ့သို့သော အပြောင်းအလဲများ ဖြစ်ခြင်း
- နို့သီးခေါင်းတွင် အတွင်းဘက်သို့ ခွက်ဝင်သွားခြင်း၊ အနာဖြစ်ခြင်း သို့မဟုတ် အသစ်ဖြစ်ပေါ်လာသော ယားယံခြင်းကဲ့သို့သော အပြောင်းအလဲများ
- နို့သီးခေါင်းမှ အရည်ထွက်ခြင်း သို့မဟုတ် သွေးထွက်ခြင်း
- အမြဲတစေ နီရဲနေခြင်း
- ရင်သားတွင် မသက်သာသော နာကျင်မှုဖြစ်ခြင်း။

ဤလက္ခဏာများသည် ရင်သားကင်ဆာ မဖြစ်နိုင်သော်လည်း အသစ်ဖြစ်ပေါ်လာသော အပြောင်းအလဲများကို သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူမှတစ်ဆင့် တတ်နိုင်သမျှ အမြန်ဆုံး စစ်ဆေးရန်မှာ အရေးကြီးပါသည်။

ယနေ့ မမ်မိုဂရမ် ရိုက်စဉ်အတွင်း နာကျင်မှုရှိခဲ့ပါက နောက်တစ်ကြိမ် မရိုက်မီ BreastScreen Aotearoa ရှိ ဝန်ထမ်းများနှင့် ဆွေးနွေးရန် အရေးကြီးပါသည်။ နောက်တစ်ကြိမ်တွင် ပိုမိုသက်သောင့်သက်သာ ဖြစ်စေရန် ၎င်းတို့က ကူညီပေးနိုင်ပါသည်။

သင်၏ ယနေ့လာရောက်မှုအတွက် မှတ်ချက်များကို ကျွန်ုပ်တို့ ကြိုဆိုပြီး အခြားသူငယ်ချင်းများကိုလည်း ဤအစီအစဉ်အကြောင်း ပြောပြပေးရန် တိုက်တွန်းလိုပါသည်။ သင့်အား 2 နှစ်အတွင်း ပြန်လည်တွေ့ဆုံနိုင်ရန် မျှော်လင့်ပါသည်။

Scan the QR code to access available translations of BSA brochures into languages other than English and formats including Braille, audio, Large Print, Easy Read and NZSL.

Time to screen

BreastScreen Aotearoa

Health New Zealand
Te Whatu Ora

Te Kāwanatanga o Aotearoa
New Zealand Government

This resource is available from **healthed.govt.nz** or your local Authorised Provider. Revised September 2026. **HE10117-MYA**